# ကမ္ဘာသစ်၌ခိုလှုံရာ

YR C
NO. 32

အလွတ်ကျမ်းချက်။ ။ ဟေဗြဲဩဝါဒစာ ၁၁း၁၃
“ယခုဆိုခဲ့ပြီးသောသူအပေါင်းတို့သည် ဂတိတော်နှင့်စပ်ဆိုင်သော
အကျိုးကျေးဇူးကိုမခံရဘဲ၊ အဝေးကမြော်မြင်လျက်၊ စိတ်နှလုံးနှင့်
ဘက်ယမ်းလျက်၊ မိမိတို့သည် မြေကြီးပေါ်မှာ တကျွန်းသူတနိုင်ငံသား၊
ဧည့်သည် အာဂန္တုဖြစ်သည်ကို ထင်ရှားစွာဝန်ခံလျက်၊
ယုံကြည်ခြင်းစိတ်နှင့်သေလွန်ကြ၏။”





## တနင်္ဂနွေနေ့ ၊ ပြင်သစ်၌ရှိသော ဟူဂင်နော့တ်များ (Huguenots) ၁

ကျန်ခဲ့သောအပတ်တွင် ပုပ်ရဟန်းမင်းက ဘာသာရေးပြုပြင်ပြောင်းလဲရေးကို ရပ်တန့်ရန် အဘယ်သို့ကြိုးပမ်းခဲ့သည်ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ပြီးဖြစ်ပါသည်။ ဂျေစူးစ်အကြောင်း၊ ထရန့်ကောင်စီအကြောင်းနှင့် စပိန်နိုင်ငံ၏ “မအောင်မြင်နိုင်သော အာမဒါ” အကြောင်းတို့ကိုလည်း ကျွန်ုပ်တို့လေ့လာခဲ့ပြီးဖြစ်ပါသည်။

ယခုကျွန်ုပ်တို့သည် စတုတ္ထအဖြစ်အပျက်ကို လေ့လာကြရမည်ဖြစ်ပြီး၊ ၎င်းအဖြစ်အပျက်အကြောင်းသည် အခြားသောအဖြစ်အပျက်များထက် ပို၍ ဆိုးဝါးသည်။ စိန့်ဘာတိုလိုမြူးနေ့ (Saint Bartholomew's Day) မတ်စကါ Massacre (အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု)သည် ပြောင်းလဲခြင်းမရှိသော ခေါင်းဆောင်များ၏ တစ်ကိုယ်ကောင်းဆန်သောရည်မှန်းချက်များနှင့် ဘာသာရေးသည်းမခံမှုကို ပေါင်းစပ်ခြင်းမှ ဖြစ်ပေါ်လာသည့် ကြောက်မက်ဖွယ်ရလဒ်များကို ပြသသည်။

မကြာခဏ ညှဥ်းပန်းနှိပ်စက်မှုကြားမှ ပရိုတက်စတင့် (ပြင်သစ်၌ “ဟူဂင်နော့တ်များ” ဟု ခေါ်သော) များသည် အလျင်အမြန် များပြားလာလေသည်။ သမ္မာကျမ်းစာမှ သူတို့သွန်သင်ပေးသောအမှန်တရားများသည် သာမန်အသိဉာဏ်ရှိသူများကို ဆွဲဆောင်ခဲ့သည်။ မကြာခဏစီးပွားရေးလုပ်ငန်းများကို ကောင်းမွန်စွာနားလည်မှုရှိသူများကိုလည်း ဆွဲဆောင်နိုင်ခဲ့သည်။ မကြာမီ၊ ဟူဂင်နော့တ်များသည် အတော်အတန်ချမ်းသာကြွယ်ဝခဲ့ကြပြီး၊ သူတို့၌ အထက်တန်းအဆင့်မြင့်တော်ဝင်၏ရာထူးများနှင့် နောက်လိုက်များပင်ရှိခဲ့ကြသည်။

ငွေနှင့်အာဏာသည် အမြဲမနာလိုဆွဲဆောင်သောကြောင့်၊ မကြာခင်မှာပဲ အကြမ်းဖက်မှုသည် ချက်ချင်းလိုက်လာလေ၏။ မတူညီကွဲပြားသော သမိုင်းစာရေးဆရာများက ၁၅၆၂ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ဗူစီ (Vassy) မြို့၌ ဟူဂင်နော့တ်များစွာတို့ အသက်ဆုံးရှုံးခဲ့သည့်အကြောင်းကို ကျွန်ုပ်တို့အား ပြောပြထားသည်။

အကြောင်းမလှစွာနှင့်ပဲ၊ သူတို့အားကာကွယ်ရန် ဘုရားသခင်ကို ကိုးစားမည့်အစား၊ ဟူဂင်နော့တ်များသည် သူတို့ကို ကာကွယ်ရန် ရေတပ်ဗိုလ်ချုပ်ကြီးကိုလီနီ (Admiral Coligny) ဟန်ဂေရီစစ်တပ်ခေါင်းဆောင်ကို အားကိုးခဲ့ကြသည်။ မကြာမီ အခြားသော အထက်တန်းတော်ဝင်များသည် သူတို့အမှုကြောင့် ပူးပေါင်းခဲ့ကြသည်။ ထိုသူတို့ထဲတွင် ဘာရာဘွန် (Bourbon) အိမ်မှ နာဗာရာ (Navarre) ဒေသမှ ဟင်နရီ (Henry) လည်း ပါဝင်ခဲ့သည်။ ဟူဂင်နော့တ်များသည် လူနှစ်သန်းခန့်ရှိပြီး ခိုင်ခံ့သောမြို့ ၆၀ ကို ထိန်းချုပ်ခဲ့သည်အထိ လှုပ်ရှားမှုသည် တိုးတက်ကြီးထွားလာခဲ့သည်။

၁၅၆၇ ခုနှစ်တွင် ကက်သလစ်များနှင့် ဟူးဂင်နော့တ်လူမျိုးများအကြား စစ်ပွဲဖြစ်ပွားခဲ့သည်။ နောက်ဆုံးတွင် ထိုစစ်ပွဲသည် ၁၅၇၀ ၌ ပြီးဆုံးသောအခါ၊ နဝမမြောက်ချားလ်စ် (Charles IX) ဘုရင်နှင့် သူ၏ မိဖုရားကက်သရင်းဒီမက်ဒီစီ (Catherine de Medici) တို့သည် ငြိမ်းချမ်းရေးကို သေချာစေရန်နည်းလမ်းတစ်ခုကို ရှာဖွေခဲ့သည်။ သူတို့က အသက်၁၇ နှစ်ရှိသော ချားလ်စ်၏ညီမမာဂရတ်နဲ့ အသက် ၁၇နှစ်ရှိသော နာဗာရာဒေသမှ ဟင်နရီကို လက်ထပ်ဖို့ရန် ဆုံးဖြတ်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** သခင်ယေရှုသည် မိမိ၏နိုင်ငံတော် အကြောင်းနှင့် ၎င်းကို မည်သို့ကာကွယ်သင့်ကြောင်း ဘာပြောဆိုခဲ့သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၈း၃၆။

## တနင်္လာနေ့ ၊ ကြောက်မက်ဘွယ်သောအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတစ်ခု ၂

၁၅၇၂ ခုနှစ်တွင် ပြင်သစ်နိုင်ငံရှိကက်သလစ်များနှင့် ဟူးဂင်နော့တ်တို့၏ခေါင်းဆောင်များသည် သမ္မာကျမ်းစာကို လုံးဝလျစ်လျူရှုခဲ့ကြသည်။ နာဗာရာမှ ဟင်နရီနှင့် ဟူဂင်နော့တ်ခေါင်းဆောင်များသည် ကက်သလစ်မင်းသမီးထံသို့ မင်္ဂလာဆောင်ရန် (ပြင်သစ်နိုင်ငံ၏ မြို့တော်) ပဲရစ်သို့ သွားသောအခါ ဘေးအန္တရာယ်ကျရောက်ခဲ့သည်။

အချို့သမိုင်းပညာရှင်များက ၎င်းမှာ ကြိုတင်စီစဥ်ထားခြင်း ဖြစ်သည်ဟု ဆိုကြသည်။ အခြားသူများကမူ ၎င်းသည် ကြောက်လန့်နေသောဘုရင်မနှင့် အားနည်းနေသောဘုရင်တို့၏အလျင်စလို ဆုံးဖြတ်ချက်များ၏ရလဒ်ဖြစ်သည်ဟု ဆိုကြသည်။ မည်သို့ပင်ဖြစ်စေ၊ မင်္ဂလာဆောင်ပြီး ရက်အနည်းငယ်အကြာတွင် ဟူးဂင်နော့တ်ရေတပ်ဗိုလ်ချုပ်ကြီး ကိုလီနီသည် ပဲရစ်တွင်လမ်းလျှောက်နေစဥ် သေနတ်ဖြင့်ပစ်ခံရ၍ ဒဏ်ရာရခဲ့သည်။

မိဖုရားကက်သရင်းနှင့် တိုင်ပင်မှူးမတ်များစွာသည် ကက်သရင်း၏သားငယ်ဖြစ်သော နဝမမြောက် ချားလ်စ်ဘုရင်အား၊ သူနှင့်တိုင်းပြည်သည် အန္တရာယ်ကျရောက်ကြောင်း မကြာမီတွင် အကြံပေးခဲ့သည်။ ဟူးဂင်နော့တ်များက သူတို့၏ရေတပ်ဗိုလ်ချုပ်ကြီးကို လုပ်ကြံသတ်ဖြတ်မှုကို ဘယ်တော့မှခွင့်လွှတ်မှာမဟုတ်ဟု ပြောဆိုခဲ့သည်။

ဝီလျံပြောကြားခဲ့သည်မှာ အစိုးရသည် လိမ်ခြင်း၊ ခိုးခြင်း၊ လူသတ်ခြင်းစသည်တို့ကိုတားဆီးရန် ဥပဒေများကိုပြဌာန်းရန် တာဝန်ရှိသည်ဟု ပြောကြားခဲ့သည်။ သို့သော် ဘုရားသခင်ထံ လူတစ်ဦး၏ကိုးကွယ်ခြင်းနှင့် ပတ်သက်သောဥပဒေများကို မပြဌာန်းသင့်ကြောင်းပြောကြားခဲ့သည်။ သူ၏အတွေးအခေါ်များကို မတူကွဲပြားသော၊ အသစ်သော၊ အန္တရာယ်ရှိသော ထင်မြင်ချက်များ ဟုခေါ်ပြီး၊ သူ့ကို အင်္ဂလန်သို့ပြန်ပို့ရန် လုပ်ဆောင်ခဲ့ကြလေသည်။




သို့သော် ထိုသို့ဖြစ်လင့်ကစား၊ ဆောင်းတွင်းအလယ်၌ သူသည် တောထဲသို့တစ်ယောက်တည်း ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ နောက်ဆုံး၌ သူသည် ရိုဒီကျွန်း (Rhode Island) ဟု လူသိများသောအခြေချနေထိုင်မှုတစ်နေရာကို ထူထောင်ခဲ့သည်။ ဤတွင် ဝီလျံက သူသည် အသင်းတော်နှင့် ပြည်နယ်များအကြား၌ “သီးခြားခွဲထားခြင်းနံရံ” ဟုခေါ်ဆိုသည့်အရာအပေါ် အခိုင်အမာ ပြောဆိုထားခဲ့သည်။ ဝီလျံသည် ပျူရီတန်များစွာကဲ့သို့ပင် မိမိယုံကြည်ချက်လွတ်လပ်ခွင့်ကို လိုချင်ခဲ့သည်။ သို့သော် အခြားသူများနှင့်မတူဘဲ သူသည် သူနှင့်သဘောမတူသူများအားပင် တူညီသောအခွင့်အရေးကို ပေးအပ်ရန် ဆန္ဒရှိခဲ့သည်။ ၎င်းသည် အဓိကအားဖြင့် သူ၏ သူရဲကောင်းဝါဒနှင့် ဥပမာ ၎င်းအားဖြင့် သူသည် အမေရိကန်ပြည်ထောင်စု၌ ဘာသာရေးလွတ်လပ်ခွင့်ကို ထူထောင်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့အတွက်တော့ စိတ်ကူးကြည့်ဖို့တောင် ခက်ခဲပေမဲ့၊ ရော်ဂျာဝီလျံ၏အချိန် ကာလရှိ လူများက “လူတိုင်းက အယူမှားသူများကို သတ်ကြသည်၊ သို့သော် ကျွန်ုပ်တို့သည် ထိုနည်းလမ်းအတိုင်း ၎င်းကို အမြဲလုပ်ဆောင်ခဲ့ကြသည်” ဟု ရိုးသားစွာပြောဆိုခဲ့ကြသည်။ သို့သော် သခင်ယေရှုက အဘယ်သို့မိန့်တော်မူခဲ့သနည်း။ ရှင်လုကာခရစ်ဝင် ၆း၂၇-၃၆။

## သောကြာနေ့ ၊ ဂျွန်ဘွန်ယန် ၆

မှန်ပါသည်၊ ပျူရီတန်အားလုံးသည် အမေရိကသို့ သွားခြင်း မဟုတ်ပါ။ ထိုသူတို့သည် အင်္ဂလန်တွင် နေထိုင်ခဲ့ကြသည်ဟု လူ အများဆုံးက သိခဲ့ကြသည်။



ဂျွန်ဘွန်ယန်သည် ကျောင်းပညာရေးနည်းပါးစွာ သင်ကြားခဲ့ရသော ရိုးရိုးသာမန်လူတစ်ယောက်ဖြစ်သည်။ သို့သော်လည်း သူ့မှာ အင်္ဂလိပ်ကျမ်းစာနှင့် ပတ်သက်၍ အလွန်ကောင်းသောအသိပညာ ရှိခဲ့သည်။ သူသည် လူငယ်အရွယ်က ဂရုမစိုက်တတ်သောသူ ဖြစ်နေပေမည့်၊ သူသည် လူများတို့ကို အမှန်တကယ် “လူဆိုး” ဟုဘယ်တော့မှမသတ်မှတ်ခဲ့ချေ။

သို့သော် သူသည် အပြစ်ရှိကြောင်းစီရင်ချက်ချခံရသောအခါ အပြစ်ရှိကြောင်းကို သူအလွန်ခံစားခဲ့ရပြီး၊ သူသည် ခွင့်လွှတ်ခြင်းခံရနိုင်လိမ့်မည်ဟု ယုံကြည်ဖို့ရန် အချိန်များစွာ ပူပန်ခဲ့ရသည်။ သူသည် အလွန်အပြစ်ရှိသည်ဟု ခံစားခဲ့ရပြီး အပြစ်ဟု သူယူဆသောအရာအားလုံးကို တစ်ခုပြီးတစ်ခု ဖယ်ထားခဲ့သည်။ သို့သော် ၎င်းသည် သူ၏အပြစ်ကို သက်သာစေသည်မဟုတ်ချေ။

သူသည် ဘုရားသခင်ကို “စွန့်လွှတ်” ရန် နောက်ထပ်ဘာမျှရှာမတွေ့နိုင်သော်လည်း ငြိမ်သက်ခြင်းကို မတွေ့ရသေးပေ။ ထို့ကြောင့် ခွင့်မလွှတ်ထိုက်သောအပြစ်ကို ကျူးလွန်ခဲ့သည်ဟုတွေးမိသည်အထိ စိတ်ပျက်လက်ပျက်ဖြစ်မှုသည် သူ၌ကြီးထွားလာခဲ့လေသည်။ သူသည် နှိပ်စက်ညှဥ်းပန်းခံရပြီး၊ သူ၏ကျန်းမာရေးသည်လည်းချို့တဲ့လာသည်။ ထို့နောက်၊ နောက်ဆုံးတွင် ယုံကြည်ခြင်း၏သဘောကို နားလည်ခြင်းသည် သူ့ထံရောက်လာခဲ့သည်။ သခင်ယေရှု၏ ခွင့်လွှတ်ခြင်းကတိတော်ကို ရိုးရိုးလေးလက်ခံရုံသာလက်ခံသည့်အကြောင်းကို သူသိလိုက်သောအခါတွင် သူ၏ စိတ်ဓာတ်ကျခြင်းသည် ရပ်တန့်သွားပြီး ငြိမ်သက်ခြင်းကို ရရှိခဲ့သည်။

မကြာခင် သူသည်တရားစတင်ဟောပြောခဲ့ပြီး၊ ကောင်းသော အောင်မြင်မှုကို ရရှိခဲ့သည်။ သို့သော် အသင်းတော်မှ လိုင်စင်မရှိခဲ့ချေ။ ဤအရာက သူ့ကို အဖမ်းခံစေခဲ့ပါသည်။ သူသည် ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခံရခဲ့သည်။



လိုင်စင်မရှိဘဲ တရားမဟောပြောဖို့ရန် ကတိပေးမည်ဆိုလျှင်၊ သူသည် မည်သည့် အချိန်တွင်မဆို လွတ်မြောက်နိုင်ပါသည်။ သို့သော် ဘွန်ယန် (Bunyan) သည် အသင်းတော်အား အစိုးရ၏ ထိန်းချုပ်မှုကိုမှန်းတီးသဖြင့် ဤသို့သောကတိကို ပေးရန် ဘယ်သောအခါမျှ မစဥ်းစားခဲ့ပါ။ အဘယ်သော အလားတူအခွင့်အရေးများကို သခင်ယေရှုခရစ်တော် ငြင်းပယ်ခဲ့သနည်း။ ရှင်လုကာခရစ်ဝင် ၂၂း ၆၆ -၇၁၊ ရှင်လုကာ ခရစ်ဝင် ၂၃း၈၊ ၉။

ထိုသို့ ကတိပေးမည့်အစား၊ ထောင်ထဲမှာရှိနေစဥ် ဂျွန်ဘွန်ယန်သည် စာအုပ်ရေးသားခဲ့သည်၊ ဤအရာကြောင့် ကမ္ဘာကြီးက ပိုသာယာလေသည်။ သူရေးထားသော “အပြစ်သားများ၏ခေါင်းဆောင်ကို ကျေးဇူးဂရုဏာတော် ကြွယ်ဝခြင်း” (Grace Abounding to the Chief of Sinners) အမည်ရှိသည့် စာအုပ်၌၊ သူက သူ၏ အသက်တာပြောင်းလဲခြင်း၏ ရုန်းကန်ခြင်းအကြောင်းအရာကို ပြောပြထားသည်။ ဘွန်ယန်၏အကြောင်းသည် လူများစွာအတွက် အကူအညီဖြစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူ၌ အခြားသူများလုပ်ဆောင်သည့် များစွာသောအတွေ့အကြုံများ ရှိခဲ့သောကြောင့် ဖြစ်သည်။

သို့သော် သံသယဖြစ်ဖွယ်မရှိဘဲ သူ၏အကြီးမားဆုံးအလုပ်မှာ “ဘုရားဖူးခရီးစဥ် Pilgrim’s Progress” စာအုပ်ဖြစ်သည်။ ၎င်းအကြောင်းကို စာအုပ်တစ်အုပ်သူရေးသားခဲ့သည်။ ဤကွက်ကွက်ကွင်းကွင်း ပုံဆောင်ထားသောအကြောင်းအရာသည် ဝိညာဏအမှန်တရားများအား ကျွန်ုပ်တို့နားလည်ရန် သင်္ကေတများကို အသုံးပြုထားသည်။ ၎င်းသည် ခရစ်ယာန်အမည်ရှိသူတစ်ဦး၏ ပျက်စီးခြင်း၏မြို့ (မြေကြီး) မှ ကောင်းကင်မြို့ (ကောင်းကင်ဘုံ) သို့ ခရီးသွားအတွေ့အကြုံများကို ဖော်ပြထားသည်။ သမ္မာကျမ်းစာမှလွဲ၍၊ Pilgrim’s Progress စာအုပ်သည် အဖတ်အများဆုံးဖြစ်ပြီး၊ အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်အများဆုံးသောစာအုပ်ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** ဤဘုရားဖူးခြင်း Pilgrim အကြောင်းကို သင်သိပါက၊ သံသယရဲတိုက် (Doubting Castle) ၌ သော့ခတ်ခံရနေစဥ် ဘွန်ယန်၏အနိုင်ရခဲ့သောအတွေ့အကြုံနှင့် ယုံကြည်ခြင်းကို ရှာဖွေခြင်းနှင့် Pilgrim တို့၏ ဆင်တူချက်ကို သတိပြုမိသလား။

အကြံပေးပုဂ္ဂိုလ်များ၏အဆိုအရ မိမိတို့ကိုယ်ကို ကယ်တင်ရန်တစ်ခုတည်းသောအခွင့်အရေးမှာ ဟူးဂင်နော့တ်ခေါင်းဆောင်များအားလုံးကို သတ်ပစ်ရန်ဖြစ်သည်။ ထို့ကြောင့် သူတို့နှင့် သူတို့၏နောက်လိုက်များသည် စစ်ပွဲအသစ်တစ်ခုကိုအနိုင်ရလိမ့်မည်ဟု မျှော်လင့်မထားနိုင်ကြပေ။

နာရီပေါင်းများစွာ ပြင်းထန်သောဖိအားပေးမှုပြီးနောက်၊ ဘုရင်သည် လက်လျော့ခဲ့သည်။ ထိုအခါ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုစတင်ခဲ့လေသည်။ ရေတပ်ဗိုလ်ချုပ်ကြီးကိုလီနီသည် ပထမဆုံး အသတ်ခံရသည်၊ သို့သော် ပြင်သစ်၌ဖြစ်သောထိုအကြမ်းဖက်မှုသည် မကြာမီတိုင်းပြည်တစ်ခုလုံးကို ပြန့်နှံ့သွားခဲ့သည်။ ဟူးဂင်နော့တ်များသည် အနည်းဆုံး ၇၀,၀၀၀ ယောက်အထိ အသတ်ခံခဲ့ကြရသည်။

နာဗာရာဟင်နရီသည် ကက်သလစ်ဘာသာသို့ ကူးပြောင်းရန်ကတိပြုထားခြင်းကြောင့် လွတ်မြောက်သွားခဲ့သည်။ သို့သော် သူသည် ပဲရစ်အပြင်ဘက်မှာ လုံခြုံစိတ်ချစွာဖြင့်ရောက်သွားသည်နှင့်အမျှ သူ၏ကတိကို ပြန်လည်စွန့်လွှတ်ခဲ့သည်။ ၂၁ နှစ်ကြာပြီးနောက်၊ အဘယ်သို့ပင်ဖြစ်စေကာမူ၊ ပရိုတက်စတင့်ဘာသာတရားတစ်ခုတည်းသာလျှင် သူ့အကြားရပ်တည်ပြီး ပလ္လင်တော်ဟု ဆိုကြလေသည်။ ထိုအချိန်တွင် သူက “ပဲရစ်သည် လူထုကို ကောင်းကောင်းတန်ဖိုးထားသည်” ဟုဆိုခဲ့ပြီး၊ ပြင်သစ်ဘုရင်ဟင်နရီ (၄) သည် ယခုတွင် ကက်သလစ်ဘာသာဝင်ဖြစ်သော်ငြားလည်း ပရိုတက်စတင့် ဖြစ်တုန်းကကဲ့သို့ စိတ်ရင်းမှန်သူတစ်ဦး ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** "သာမန်လူတို့" သည် ခေါင်းဆောင်များက တရားမမျှသောအခါ တရားမျှတစွာနေနိုင်မလား။ ခေါင်းဆောင်များ၏ စံနမူနာသည် အဘယ်မျှလောက်အရေးကြီးသနည်း။ သုတ္တံကျမ်း ၂၈:၆၊ ၁၅၊ ၁၆၊ ၂၉:၁၂။

## အင်္ဂါနေ့ | အင်္ဂလန်ပြည်၌ရှိသော ပျူရီတန်များ (Puritans) ၃

ရှင်ဘုရင်သည် မိမိကိုယ်ကို အသင်းတော်၏ခေါင်းဆောင်ဖြစ်သည်ဟု ပြောဆိုခြင်းအားဖြင့်၊ အင်္ဂလန်နိုင်ငံသည် ဖွံ့ဖြိုးသောဝိညာဉ်ရေးအခြေအနေကို မဖြစ်ပေါ်စေနိုင်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံရန် ကြိုးစားသူအချို့နှင့် အချို့မှာ လူအများအကြိုက်ဆုံးဖြစ်သည့်အတိုင်းလိုက်နာရန် ဝမ်းမြောက်သူများလည်း ရှိကြသည်။

အခြေအနေများ ပိုမိုဆိုးရွားလာသည်နှင့်အမျှ၊ အင်္ဂလိပ် အသင်းတော်ကို သမ္မာကျမ်းစာနှင့်အညီ ဖြစ်စေလိုသူများကို “ပျူရီတန်” (Puri-tans) များဟု လူသိများလာသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အသင်းတော်ကို သန့်ရှင်းစေချင်သောကြောင့်ဖြစ်သည်။ ၎င်းသည် ဂုဏ်အသရေရှိသောနာမည်နှင့်တူပေမည်။ သို့သော် ၎င်းမှာ သူတို့အား လှောင်ပြောင်ရန် အသုံးပြုခဲ့သောအမည်သာဖြစ်သည်။ ထိုအရာသည် လူများတို့၏စဉ်းစားတွေးခေါ်ပုံနှင့် ပတ်သတ်သည့်အကြောင်းကို ကျွန်ုပ်တို့အားသိစေသည် မဟုတ်လား။ ရာဇဝင်ချုပ်ဒုတိယစောင် ၃၆:၁၄-၁၆။

၁၆၀၃ ခုနှစ်တွင် အင်္ဂလန်ဘုရင်အသစ် ပထမမြောက် ဂျိမ်းစ် (James I) ရှိသည်။ ၎င်းသည် ပျူရီတန်များအတွက် အသင်းတော်ကို ပိုကောင်းအောင်လုပ်ဖို့ လုပ်ရမည့်အချိန်ကောင်းဖြစ်ဟန်ရှိခဲ့သည်။ ဖြစ်ကောင်းဖြစ်နိုင်သည်မှာ ရှင်ဘုရင်သည် သူတို့၏စိုးရိမ်ပူပန်မှုများကို နားလည်ပေးလိမ့်မည်ဖြစ်သည်။

နောက်နှစ်တွင်၊ ပျူရီတန်ခေါင်းဆောင်များသည် သူတို့၏အခွင့်အရေးကို ရရှိခဲ့သည်။ ဟမ်ပ်တွန်တရားရုံး (Hampton Court) ရှိ ရှင်ဘုရင်ဂျိမ်းစ် (King James) နှင့် အထူးတွေ့ဆုံဆွေးနွေးမှုတွင် သူကသူစဉ်းစားပြီးဖြေရှင်းရန် ကူညီလိမ့်မည်ဟုမျှော်လင့်သော ပြဿနာများစာရင်းကို တင်ပြခဲ့သည်။ ၎င်းကို ပျူရီတန်ဝန်ကြီး ၁၀၀၀ က လက်မှတ်ရေးထိုးခဲ့ကြသည်။



သူတို့တင်ပြသောစိုးရိမ်ပူပန်မှုများတွင် နှစ်ခြင်းခံသည့်အခါ “လက်ဝါးကပ်တိုင်လက်မှတ်ထိုးခြင်း၊” မင်္ဂလာဆောင်လက်စွပ်များ အသုံးပြုခြင်းနှင့် ဝန်ကြီးများဝတ်ဆင်သည့် ဝတ်စုံအထည်များ ပါဝင်ခဲ့သည်။ ဤစာရင်းထဲမှာ ပျူရီတန်အချို့ အလိုရှိစေလိုသောအရာအားလုံး လုံးဝမပါဝင်ခဲ့ချေ။ ဘုရင်ကြီးသည် အမှန်တကယ် အဘယ်သို့သောသူဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းမြင်ဖို့ရန် စမ်းသပ်မှုတစ်ခုသာဖြစ်ခဲ့သည်။

ဤစမ်းသပ်မှုသည် ကျဆုံးခဲ့သည်။ ရှင်ဘုရင်ဂျိမ်းစ်သည် တင်ပြထားသောအချက်အားလုံးကို ပယ်ချခဲ့သည်။ သို့သော် အစည်းအဝေးက တစ်နည်းတလမ်းအားဖြင့် ကြီးစွာသော အောင်မြင်မှု ဖြစ်စေခဲ့သည်။ ထို့နောက် ပျူရီတန်များသည် သမ္မာကျမ်းစာကို အသစ်ဘာသာပြန်ဆိုရန် ခွင့်ပြုဖို့ ဘုရင်အား အကြံပေးခဲ့သည်။



ဘုရင်သည် ဤအကြံဉာဏ်ကို နှစ်သက်ခဲ့သည်။ ထို့ကြောင့် ၎င်းက သမ္မာကျမ်းစာ၏ (တရားဝင်ဗားရှင်း) (Au-thorized Version) သို့မဟုတ် “ခွင့်ပြုထားသောဗားရှင်း” ကို မွေးဖွားစေခဲ့သည်။ ထိုနာမည်ကို အင်္ဂလန်မှာ ယနေ့တိုင် ထိုသို့ခေါ်နေဆဲဖြစ်သည်။ သန်းနှင့်ချီသောအခြားသူများက ၎င်းကို ကင်းဂျိမ်းစ်ဗားရှင်း “King James Version” ဟု ခေါ်ကြသည်။

ဘုရားသခင်သည် “အင်္ဂလန်ဘုရင်၏မျက်စိကိုဖွင့်စေတော်မူမည်” ဟူသော ဝီလျံတင်ဒေးလ် (William Tyndale) ၏နောက်ဆုံးဆုတောင်းချက်ကိုအဖြေပေးရာတွင် ကျမ်းစာသစ်အများစုမှာ တင်ဒေးလ် ၏ လုပ်ဆောင်မှုကို ထင်ဟပ်ခဲ့ပါသည်။

**လက်တွေ့ကျင့်သုံးရန်။** ဒေသနာကျမ်း ၁၁:၁-၆ တွင် ဤအကြောင်းအရာနှင့်အံဝင်ခွင်ကျဖြစ်သော အဘယ်အခြေခံမူများကို သင်တွေ့ရှိနိုင်မည်နည်း။



## ဗုဒ္ဓဟူးနေ့ | ပေလ်ဂရင်မ်စ် (The Pilgrims) ၄

အင်္ဂလန်၏အသင်းတော်နှင့်အတူ အလုပ်လုပ်ရန် ပျူရီတန် ၏ အားထုတ်မှုရှိနေသော်လည်း အသင်းတော်အာဏာရှိပုဂ္ဂိုလ်များနှင့် ဘုရင်သည် ပြုပြင်ပြောင်းလဲရေးကို စိတ်မဝင်စားခဲ့ကြပါ။ အသင်းတော်သည် အုပ်ချုပ်ရေးအာဏာနှင့် စည်းလုံးညီညွတ်သည့်အခါတိုင်း အမြဲဖြစ်ပျက်သည်နည်းတူ တရားဝင်အသင်းတော်ယုံကြည်ချက်များနှင့် ဓလေ့ထုံးစံများကို လူတိုင်းလိုက်နာရန် ဥပဒေများပြဋ္ဌာန်းခဲ့သည်။

ခွင့်ပြုချက်မရှိဘဲ မည်သည့်ကိုးကွယ်မှုကိုမဆို ကိုးကွယ်သူမည်သူမဆို ဒဏ်ငွေ၊ ထောင်ဒဏ် သို့မဟုတ် သေဒဏ်ပေးခြင်းကို ခံခဲ့ရသည်။ ပျူရီတန်များစွာတို့သည် မိမိတို့၏သြတ္တပ္ပစိတ် မှန်ကန်ရန် သူတို့၏ဇာတိမြေဖြစ်သော အင်္ဂလန်မှထွက်ခွာရမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ တချို့က ဟော်လန်ကိုသွားပြီး၊ ထို့နောက် နယူးအင်္ဂလန် (New England) ရှိ အမေရိကန်ကိုလိုနီများသို့ သွားကြသည်။ ၁၆၂၉ ခုနှစ်တွင် မက်ဆာချူးဆက်ပင်လယ်အော်ကိုလိုနီ (Massachusetts Bay Colony) တည်ထောင်ပြီးနောက်၊ အခြားသူများသည် နယူးအင်္ဂလန်သို့ တိုက်ရိုက်သွားကြသည်။



ဤသူတို့သည် အင်္ဂလန်မှ ထွက်ခွာလာသောအခါ သူတို့သည် လျှို့ဝှက်စွာထွက်ခွာသွားခဲ့ရပြီး၊ သူတို့မသယ်ဆောင်နိုင်သမျှအရာအားလုံးကို စွန့်ခွာချန်ထားခဲ့ရသည်။ သူတို့သည် ဘာကြောင့် ဤကဲ့သို့ လုပ်ကြသနည်း။ ဖိလိပ္ပိသြဝါဒစာ ၃:၇-၁၁။

ဤပျူရီတန်အုပ်စုများ အနက်မှတစ်စုကို “ပေလ်ဂရင်မ်စ်” (Pilgrims) သို့မဟုတ် “ဘုရားဖူးသွားသူများ” ဟု လူသိများသည်။ သူတို့သည် ဟော်လန် (Holland) မှထွက်ခွာပြီး၊ ၁၆၂၀ ခုနှစ်တွင် မက်ဆာချူးဆက် (Massachusetts) ပြည်နယ် ပလိုင်မော့ထ် (Plymouth) မြို့ကို တည်ထောင်ခဲ့သည်။ သူတို့၏သင်းအုပ်ဆရာသည် သူတို့နှင့်အတူ ရွက်လွှင့်ရန်တားဆီးခံခဲ့ရသည်။ သို့သော် သူတို့ ထွက်ခွာသွားချိန်တွင် သူက “အကယ်၍ ဘုရားသခင်သည် သူ့၏အခြားမည်သည့်ကိရိယာဖြင့်မဆို သင့်အားတစ်စုံတစ်ခု ထုတ်ဖော်မည်ဆိုလျှင်၊ ကျွန်ုပ်မေ့အမှု၏မည်သည့်အမှန်တရားကိုမဆို သင်ရရှိသည်နှင့်အမျှ လက်ခံရန်အသင့်ရှိပါ။ ဘုရားသခင်၌ သူ့၏ နှုတ်ကပတ်တော်၏ကြွယ်ဝသောသမ္မာတရားနှင့် အလင်းရှိသည်ဟု အကျွန်ုပ်အပြည့်အဝယုံကြည်မှုရှိပါသည်” ဟု သူတို့အား ပြောဆိုလေသည်။

ဤအရာသည် လူများလုပ်ဆောင်ဖို့ရန် အလွန်ခက်ခဲသောအရာဖြစ်သည်။ "ကောင်းပြီ၊ ၎င်းသည် ငါတို့အမြဲယုံကြည်ခဲ့ပြီးသောအရာဖြစ်ပြီး၊ ငါတို့လုပ်ခဲ့သောအရာများသာဖြစ်သည်" ဟု ပြောဆိုခဲ့သည်။ အပြောအားဖြင့် အလွန်လွယ်လွန်းပါသည်။ ပြုပြင်ပြောင်းလဲခြင်း၏ အဓိပ္ပာယ်မှာ “ပြုပြင်ပြောင်းလဲနေခြင်း” သို့မဟုတ် ပြန်လည်ပုံသွင်းပုံဖော်ခြင်း ဖြစ်သည်။ ပရိုတက်စတင့်ပြုပြင် ပြောင်းလဲရေးသည် လူးသာ အားဖြင့် သို့မဟုတ် ဇွင်းကလီ၊ ကဲလ်ဗင်း၊ ဂျွန်နော့ဇ်၊ အာနာဗတ်ထစ်များ၊ ဟူးဂင်နော့တ်၊ ပျူရီတန်များအားဖြင့်ဖြစ်စေ အဆုံးမသတ်ခဲ့ပါ။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင့်လူမျိုးများ၏ပြုပြင်ပြောင်းလဲမှုသည် အောင်မြင်သည့်အထိ မရပ်မနားဘဲ ဆက်လက်တည်ရှိမည်။ ၎င်းသည် အဘယ်မျှလောက် ကြာဦးမည်နည်း။ ကျွန်ုပ်တို့သည် ၎င်းတို့နည်းတူ လိုက်မည်လား။ ဧဖက်သြဝါဒစာ ၅:၂၅-၂၇၊ ဗျာဒိတ်ကျမ်း ၁၉:၆-၉။

## ကြာသပတေးနေ့ | ရော်ဂျာဝီလီယမ် ၅

အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်သန်းသွားသော ပျူရီတန်များထဲမှာ ကျွန်ုပ်တို့၏အကြီးမားဆုံးသောကျေးဇူးတင်မှုမှာ ရော်ဂျာဝီလျံ (Roger Williams) ကို ဖြစ်သည်။ လက်တင်၊ ဂရိ၊ ဟီဘရူး၊ ဒတ်ချ်၊ ပြင်သစ်နှင့်အင်္ဂလိပ်စကားများကို တတ်ကျွမ်းသော ပညာတတ်လူငယ်တစ်ယောက်ဖြစ်သည့် ဝီလျံ၌ အလုပ်ကောင်းရှိပြီး၊ လက်ထပ်ပြီး “ပျော်ရွှင်စွာနေထိုင်ခဲ့သူ” ဖြစ်သည်။



ထို့နောက် သူသည် (သူ၏လေ့လာသင်ယူမှုနှင့် သူ၏ဇနီးမှအပ) အရာအားလုံးကို စွန့်လွှတ်ပြီး ဘာသာရေးလွတ်လပ်ခွင့်အတွက် နယူးအင်္ဂလန်သို့ သွားခဲ့သည်။ ဘော်စတွန် (Boston) သို့ ရောက်သော် သင်းအုပ်ဆရာအဖြစ်ချက်ချင်းကမ်းလှမ်းခံခဲ့ရသည်။ သို့သော် ၎င်းသည် သီးခြားခွဲထားခြင်းမရှိသော အသင်းတော်တစ်ခုဖြစ်ကြောင်းကို သူတွေ့ရှိသောအခါ သူသည် ဤကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့သည်။

“သီးခြားခွဲထားခြင်းမရှိခြင်း” ဆိုသည်မှာ အသင်းတော်သည် အင်္ဂလန်အသင်းတော်နှင့်ဆက်နွယ်နေပြီး ၎င်း၏သွန်သင်ချက်များ အတင်းအကျပ်ပြဋ္ဌာန်းဖို့ရန် ဥပဒေ၏အာဏာတန်ခိုးကို အသုံးပြုနေသည်ကို ဆိုလိုခြင်းဖြစ်သည်။ ဝီလျံသည် ပထမပညတ်တော်လေးပါးကို ချိုးဖောက်သူ မည်သူမဆိုအား အပြစ်ပေးရန် အတင်းအကျပ်အင်အားသုံးသောမည်သည့်အသင်းတော်တွင်မဆို အသင်းအဖွဲ့မဖြစ်လိုခဲ့ပေ။

ပထမလေးပါးကိုကားအဘယ်ကြောင့်နည်း။ သင်တွေ့နိုင်လျှင်ရှာကြည့်ပါ။ ထွက်မြောက်ရာကျမ်း ၂၀:၁-၁၁။

ဝီလျံသည် ဘုရားသခင်တစ်ပါးတည်းသာလျှင် သစ္စာမရှိသောသူများကို သူကိုယ်တိုင်အပြစ်ပေးခွင့်ရှိသည်ဟု ယုံကြည်ခဲ့သည်။ လူများသာ ထိုအရာကိုလုပ်ဆောင်ရန်ကြိုးစားလျှင် ဘေးအန္တရာယ် အမြဲကျရောက်စေလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဝီလျံ (Williams)က လူတိုင်း မိမိကိုယ်တိုင် အမှန်တရားကိုသိသောစိတ်အားဖြင့်၊ ဘုရားသခင်ကို လွတ်လပ်စွာဝတ်ပြုကိုးကွယ်ခွင့်ရှိသင့်သည် ဟု ပြောဆိုခဲ့သည်။